
# အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏အ
# ထူးနည်းပညာကျွမ်းကျင်လုပ်သားစနစ်

## ～အထူးနည်းပညာကျွမ်းကျင်နိုင်ငံခြားသားများ ပို့ဆောင်ရေး
## လက်စွဲစာအုပ်～




**At Global ကုမ္ပဏီလီမိတက်**

**(ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသောလုပ်ငန်း)**

# နိဒါန်း

နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်" အစီအစဉ်အား ၂၀၁၉ ခုနှစ် ၄လ ပိုင်းတွင် စတင်ခဲ့ပါသည်။ "အထူးနည်းပညာကျွမ်းကျင်" ဖြင့် အလုပ်လုပ်ကိုင်နိုင်သောနယ်ပယ်မှာ လက်ရှိတွင် လုပ်ငန်း ၁၆ မျိုးရှိပြီး၊ အဆောက်အဦသန့်ရှင်းရေးနယ်ပယ်သည် ၂၀၂၄ ခုနှစ်မှစ၍ ၅ နှစ်ကြာကာလအတွင်း အများဆုံး ၃၇,၀၀၀ ဦးကို ခေါ်ယူနိုင်ရန် မျှော်မှန်းထားပါသည်။

ဤလမ်းညွှန်စာအုပ်သည်

1. "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" ၏ရှင်းလင်းချက်
2. အထူးနည်းပညာကျွမ်းကျင်စနစ်ဖြင့် ပို့ဆောင်ခြင်း၏ ထူးခြားချက်များ
3. အဆောက်အဦသန့်ရှင်းရေးနယ်ပယ်မှ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁
4. နည်းပညာအလုပ်သင်၊ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ဖြင့် ပို့ဆောင်ချိန်ထောက်ပံ့မှု

ဖြင့် ဖွဲ့စည်းထားပြီး ပို့ဆောင်ရေးအေဂျင်စီဖြင့် နိုင်ငံခြားသားလုပ်သားကို ပေးပို့သည့်အခါ အကိုးအကားပြုရန် ရည်ရွယ်ချက် ဖြစ်ပါသည်။ အထူးနည်းပညာကျွမ်းကျင် နိုင်ငံခြားသားများအတွက် ပိုမိုအထောက်အကူဖြစ်စေပါက ဝမ်းမြောက်မိပါသည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသော လုပ်ငန်း
"အဆောက်အဦသန့်ရှင်းရေးနယ်ပယ်တွင် နိုင်ငံခြားသားလုပ်သားများ လက်ခံခြင်းအတွက် သင့်လျော်သောစနစ်အတွက် ပြည့်စုံသော စစ်တမ်း"
၂၀၂၄ ခုနှစ် တာဝန်ခံ At Global ကုမ္ပဏီလီမိတက်

# မာတိကာ

**1 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်" ရှင်းပြချက် ....................................................... 4**

1.1 "အထူးနည်းပညာကျွမ်းကျင်" ၏ ထူးခြားချက် ....................................................... 4

1.2 အထူးနည်းပညာကျွမ်းကျင် နိုင်ငံခြားသား နေထိုင်သူဦးရေ....................................................... 5

1.3 အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အတွက် လိုအပ်သောအခြေအနေများ............................. 6

**2 အထူးနည်းပညာကျွမ်းကျင်စနစ်ဖြင့် ပို့ဆောင်ခြင်း၏ ထူးခြားချက်များ ............................................ 8**

2.1ပို့ဆောင်ခွင့်ရှိသောနိုင်ငံများ ....................................................... 8

2.2 အထူးနည်းပညာကျွမ်းကျင်စနစ်၊ နည်းပညာအလုပ်သင်စနစ်ဖြင့် ပို့ဆောင်ရန်အဆင့်များအား နှိုင်းယှဉ်ချက် ....................................................... 14

**3 အဆောက်အဦသန့်ရှင်းရေးနယ်ပယ်မှ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ .................................... 17**

**4 နည်းပညာအလုပ်သင်၊ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ဖြင့် ပို့ဆောင်ချိန်ထောက်ပံ့မှု ................ 19**

**5 နိဂုံးချုပ် ....................................................... 23**


# 1 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်" ရှင်းပြချက်

## 1.1 "အထူးနည်းပညာကျွမ်းကျင်" ၏ ထူးခြားချက်

1. အထူးနည်းပညာကျွမ်းကျင်သည် ဂျပန်နိုင်ငံ၏ ဆိုးဝါးလာသော အလုပ်သမားရှားပါးမှုကို ဖြေရှင်းရန်အတွက် သတ်မှတ်ထားသော ကျွမ်းကျင်မှုနှင့်နည်းပညာများရှိပြီး လုပ်ငန်းခွင်အတွင်း ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သော နိုင်ငံခြားသားများအား အလုပ်လုပ်ကိုင်နိုင်မည့် နေထိုင်ခွင့်ဖြစ်သည်။ အထူးနည်းပညာကျွမ်းကျင်တွင် နံပါတ် ၁ နှင့် နံပါတ် ၂ ဟု ရှိပါသည်။
2. အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ သည် အကြာရှည်ဆုံး ၅ နှစ်ကြာ အလုပ်လုပ် နိုင်ပါသည်။ အလုပ်လည်းပြောင်းနိုင်ပါသည်။
3. လိုအပ်ချက်များနှင့်ပြည့်စုံလျှင် "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂" စသည်၊ အခြားသော နေထိုင်ခွင့်များသို့ ပြောင်းလဲနိုင်ပါသည်။

## 1.2 အထူးနည်းပညာကျွမ်းကျင် နိုင်ငံခြားသား နေထိုင်သူဦးရေ

အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ သည် ဂျပန်တွင်နေထိုင်သူဦးရေ အလွန်တိုးပွားလျက်ရှိသော နေထိုင်ခွင့်ဖြစ်သည်။




အရင်းအမြစ် - လူဝင်မှုကြီးကြပ်ရေးဌာန[1]

[1] လူဝင်မှုကြီးကြပ်ရေးဌာန"နိုင်ငံခြားသားလုပ်သားနှင့် လက်ခံခြင်းနှင့် အတူတကွနေထိုင်နိုင်သော လူမှုအသိုင်းအဝိုင်းတည်ဆောက်ရေးအတွက် လုပ်ဆောင်မှု" (စာမျက်နှာ ၁၈) ( https://www.moj.go.jp/isa/content/001335263.pdf ) နောက်ဆုံးဝင်ရောက်သည့်နေ့ -၂၄ ရက် အောက်တိုဘာလ ၂၀၂၄ ခုနှစ်

## 1.3 အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အတွက် လိုအပ်သောအခြေအနေများ

အထူးနည်းပညာကျွမ်းကျင်နံပါတ် ၁ အကဲဖြတ်စာမေးပွဲနှင့် ဂျပန်စာစာမေးပွဲကို အောင်မြင်ရန် လိုအပ်ပါသည်။

ဂျပန်စာစာမေးပွဲသည် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N4 သို့မဟုတ် ဂျပန်ဖောင်ဒေးရှင်းဂျပန်စာအခြေခံစာမေးပွဲ A2 တစ်ခုခုကို အောင်မြင်ထားရန်လိုအပ်ပါသည်။

နည်းပညာအလုပ်သင်ပြီးမြောက်ထားသူသည် တူညီသော လုပ်ငန်းနယ်ပယ်တွင် အထူးနည်းပညာကျွမ်းကျင်နံပါတ် ၁ သို့ပြောင်းရွှေ့ပါက နည်းပညာစာမေးပွဲနှင့် ဂျပန်စာမေးပွဲ ကိုဖြေဆိုရန်မလိုပါ။ သို့သော် အထူးနည်းပညာကျွမ်းကျင်နံပါတ် ၁ ဖြင့် ကွဲပြားသောစက်မှုလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေပါက ဂျပန်စာစာမေးပွဲ မလိုအပ်သော်လည်း နည်းပညာစာမေးပွဲအောင်မြင်ရန် လိုအပ်ပါသည်။

| | ဂျပန်စာစာမေးပွဲ | | အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ (အဆောက်အဦ သန့်ရှင်းရေးနယ်ပယ် ဖြစ်ပါက) |
|---|---|---|---|
| **အမျိုးအစား** | ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (JLPT)<br>https://www.jlpt.jp/ | Japan Foundation Test for Basic Japanese (JFT-Basic)<br>https://www.jpf.go.jp/jft-basic/ | အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ<br>https://www.j-bma.or.jp/qualification-training/zairyu |
| **ကျင်းပမည့်နေရာ** | ဂျပန်၊ အခြား နိုင်ငံနှင့်နယ်မြေ ၉၀ ကျော် | ဂျပန်၊ အခြား ၁၂ နိုင်ငံ | ဂျပန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ သီရိလင်္ကာ စသဖြင့် |
| **ကျင်းပမည့်ကာလ** | ဇူလိုင်လ၊ ဒီဇင်ဘာလ (သို့သော် | လတိုင်းနီးပါး | အနာဂတ်စာမေးပွဲကျင်းပမှုအချိန်ဇယား<br>https://www.j-bma.or.jp/qualification-training/zairyuhttps://www.j- |

| | | | |
|---|---|---|---|
| | နိုင်ငံပြင်ပတွင်ကျင်းပသောစာမေးပွဲသည် ဇူလိုင်လ သို့မဟုတ် ဒီဇင်ဘာလတွင် တစ်ကြိမ်သာ ကျင်းပသည်။) | | bma.or.jp/qualification-training/zairyu |
| **အောင်စာရင်း ကြေညာချိန်အထိ ကြာချိန်ကာလ** | ပျမ်းမျှ ၂ လကြာ | ထိုနေ့တွင် | ထိုနေ့တွင် |
| **အခြား** | အောင်လက်မှတ်ထုတ်ရန် လိုအပ်လျှင် အောက်ကလင့်တွင် ကြည့်ရှုပါ။<br><br>https://www.jlpt.jp/certificate/index.html | ရလဒ်အသိပေးခြင်းအား စာမေးပွဲနေ့မှ လုပ်ငန်းရက် ၅ ရက်အတွင်း ဘိုကင်ဝဘ်ဆိုက်တွင် ကြည့်နိုင်ပါသည်။<br>http://ac.prometric-jp.com/testlist/jfe/index.html | CBTပုံစံ (Computer-Based Test) ပြည်ဝင်ခြင်း လုပ်ထုံးလုပ်နည်းတွင် အောင်လက်မှတ်လိုအပ်သည်<br><br>အောင်လက်မှတ် ထုတ်ပေးရန်လျှောက်ထားရာတွင် လက်ခံသည့်အေဂျင်စီ သို့မဟုတ် အောင်သည့်ကာယကံရှင်ကိုယ်တိုင် လုပ်ဆောင်နိုင်သည်။ |

# 2 အထူးနည်းပညာကျွမ်းကျင်စနစ်ဖြင့် ပို့ဆောင်ခြင်း၏ ထူးခြားချက်များ

## 2.1ပို့ဆောင်ခွင့်ရှိသောနိုင်ငံများ

ဂျပန်နှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးထားခြင်း မရှိသောနိုင်ငံများမှလဲ ပို့ဆောင်ခွင့်ရှိသည်။ ပို့ဆောင်ရေးအေဂျင်စီကြားခံ မဖြစ်မနေလိုအပ်သော နိုင်ငံလည်းရှိပါသည်။ ပို့ဆောင်ရေးအေဂျင်စီကြားခံ မလိုအပ်သောနိုင်ငံသည်လည်း ပို့ဆောင်ပေးသောအဖွဲ့အစည်းမှ လုပ်သားစုဆောင်းရေးနှင့် သင်ကြားရေး၊ ပြည်တွင်းမှလုပ်ထုံးလုပ်နည်းများ က ဂျပန်ဥပဒေများကို မချိုးဖောက်သရွေ့ ပါဝင်ဆောင်ရွက်နိုင်သည်။

**(အကိုးအကား)_နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးထားသောနိုင်ငံနှင့် ပို့ဆောင်ရေးအခြေအနေ**

| | နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေး လက်မှတ် ရေးထိုးထားသော အခြေအနေ | ပို့ဆောင်ရေး အေဂျင်စီဖြင့် ပို့ဆောင်ခြင်း | ပို့ဆောင်ရေး အေဂျင်စီ၏ တရားဝင်သ တင်းအချက် အလက် | မှတ်ချက် |
|---|---|---|---|---|
| ဖိလစ်ပိုင် | လက်မှတ်ရေးထိုးပြီး (၁၉ ရက် မတ်လ ၂၀၁၉ ခုနှစ်) | ○ | ထုတ်ပြန်ပြီး | ဖိလစ်ပိုင်ဘက်မှ လုပ်ထုံးများကို တိုကျိုအခြေစိုက် ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး သို့မဟုတ် အိုစာကာအခြေစိုက် ဖိလစ်ပိုင်သမ္မတနိုင်ငံ အထွေထွေကောင်စစ်ဝန်၏ ရွှေ့ပြောင်းအလုပ်သမားရုံး (MWO) တွင် လုပ်ဆောင်ပါသည်။ |
| ကမ္ဘောဒီးယား | လက်မှတ်ရေးထိုးပြီး (၂၅ ရက် မတ်လ ၂၀၁၉ ခုနှစ်) | ○ | ထုတ်ပြန်ပြီး | ကမ္ဘောဒီးယားအစိုးရမှ အတည်ပြုထုတ်ပြန်ထားသော ပို့ဆောင်ရေးအေဂျင်စီများမှ တဆင့် အထူးနည်းပညာကျွမ်းကျင်နိုင်ငံခြားသားများကို ပို့ဆောင်ရန်လိုအပ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| **နီပေါ** | လက်မှတ်ရေးထိုးပြီး (၂၅ ရက် မတ်လ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | — | ဂျပန်အခြေစိုက် နီပေါနိုင်ငံသံရုံးတွင် အလုပ်လျှောက်လွှာတင်နိုင်ပါသည်။ (အခကြေးငွေကျသင့်) |
| **မြန်မာ** | လက်မှတ်ရေးထိုးပြီး (၂၈ ရက် မတ်လ ၂၀၁၉ ခုနှစ်) | ○ | ထုတ်ပြန်ပြီး | မြန်မာအစိုးရမှအသိအမှတ်ပြုထားသော လက်ခံထားသည့်ဒေသ၏ ပို့ဆောင်ရေးအေဂျင်စီများမှ တဆင့် လုပ်သားမိတ်ဆက်နှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုရန် လိုအပ်ပါသည်။ |
| **မွန်ဂိုလီးယား** | လက်မှတ်ရေးထိုးပြီး (၁၇ ရက် ဧပြီလ ၂၀၁၉ ခုနှစ်) | ○ (အစိုးရ အေဂျင်စီ) | ထုတ်ပြန်ပြီး | မွန်ဂိုလီယားနိုင်ငံ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးထောက်ပံ့မှု အထွေထွေရုံး (GOLWS) သည် တစ်ခုတည်းသော ပို့ဆောင်ရေးအေဂျင်စီဖြစ်ပြီး၊ မွန်ဂိုလီယားဥပဒေများနှင့် စည်းမျဉ်းများအပေါ်အခြေခံ၍ လက်ခံရေးအေဂျင်စီနှင့် GOLWAS အကြား အထူးနည်းပညာကျွမ်းကျင်နိုင်ငံခြားသားများကို ပို့ဆောင်ခြင်းနှင့် လက်ခံခြင်းဆိုင်ရာ စာချုပ်ကိုချုပ်ဆိုရန်လိုအပ်သည်။ |
| **သီရိလင်္ကာ** | လက်မှတ်ရေးထိုးပြီး (၁၉ ရက် ဇွန်လ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | — | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်ပြီး သီရိလင်္ကာအစိုးရမှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန်မလိုပါ။ |
| **အင်ဒိုနီးရှား** | လက်မှတ်ရေးထိုးပြီး (၂၅ ရက် ဇွန်လ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | ထုတ်ပြန်ပြီး | အင်ဒိုနီးရှား၏ အလုပ်အကိုင်မိတ်ဆက်သည့်လုပ်ငန်း (P3MI) အသုံးပြုမှုအား ရွေးချယ်နိုင်သည်။ |

(သတိပြုရန်)　○ : ပို့ဆောင်ရေးအေဂျင်စီအား အသုံးပြုသည် (အချို့နိုင်ငံများတွင် ရွေးချယ်ခွင့်ရှိခြင်းလည်း ပါဝင်သည်)

- : ပို့ဆောင်ရေးအေဂျင်စီအား ထုတ်ပြန်ထားခြင်းမရှိ

| | နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေး လက်မှတ် ရေးထိုးထားသော အခြေအနေ | ပို့ဆောင်ရေး အေဂျင်စီဖြင့် ပို့ဆောင်ခြင်း | ပို့ဆောင်ရေး အေဂျင်စီ၏ တရားဝင်သတင်းအချက် အလက် | မှတ်ချက် |
|---|---|---|---|---|
| **ဗီယက်နမ်** | လက်မှတ်ရေးထိုးပြီး (၁ ရက် ဇူလိုင်လ ၂၀၁၉ ခုနှစ်) | ○ | ထုတ်ပြန်ပြီး | ဗီယက်နမ်ပြည်ပ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနအလုပ်အကိုင်ဌာန (DOLAB) မှ အသိအမှတ်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီနှင့်ကြားတွင် ချုပ်ဆိုထားသည့် ခေါ်ယူမည့်အလုပ်အမျိုးအစား၊ စုဆောင်းသူအရေအတွက်၊ လုပ်ငန်းအခြေအနေ စသည်ဖြင့်"အလုပ်သမား ပံ့ပိုးပေးရေးစာချုပ်" ကိုချုပ်ဆိုရန်လိုအပ်သည်။ |
| **ဘင်္ဂလားဒေ့ရှ်** | လက်မှတ်ရေးထိုးပြီး (၂၇ ရက် ဩဂုတ်လ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | ထုတ်ပြန်ပြီး | ဘင်္ဂလားဒေ့ရှ်ပြည်ပတွင်နေထိုင်သူ လူမှုဖူလုံရေးနှင့် ပြည်ပအလုပ်အကိုင်ဝန်ကြီးဌာန (MEWOE) မှ သတ်မှတ်ထားသော လက်ခံထားသည့်ဒေသ၏ ပို့ဆောင်ရေးအေဂျင်စီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားအလုပ်အကိုင်ဆားဗစ်ကုမ္ပဏီ (BOESL) မှတဆင့် လူရှာခြင်းနှင့် အမျိုးမျိုးသောလုပ်ထုံးများကို လုပ်ဆောင်နိုင်သည်။ |
| **ဉဇဘက်ကစ္စတန်** | လက်မှတ်ရေးထိုးပြီး (၁၇ ရက် ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | — | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်ပြီး ဉဇဘက်ကစ္စတန်အစိုးရမှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန်မလိုပါ။ |

| | | | | |
|---|---|---|---|---|
| **ပါကစ္စတန်** | လက်မှတ်ရေးထိုးပြီး (၂၃ ရက် ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်) | ○ (ရွေးချယ်နိုင်) | ထုတ်ပြန်ပြီး | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်ပြီး ပါကစ္စတန်အစိုးရမှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန်မလိုပါ။ |
| **ထိုင်း** | လက်မှတ်ရေးထိုးပြီး (၂ ရက် ဧပြီလ ၂၀၂၀ ခုနှစ်) | ○ (ရွေးချယ်နိုင်) | ထုတ်ပြန်ပြီး | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်သော်လည်း ထိုင်းအစိုးရမှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန် လိုအပ်ပါသည်။ |
| **အိန္ဒိယ** | လက်မှတ်ရေးထိုးပြီး (၁၈ ရက် ဇန်နဝါရီလ ၂၀၂၁ ခုနှစ်) | ○ (ရွေးချယ်နိုင်) | – | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်ပြီး အိန္ဒိယအစိုးရမှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန်မလိုပါ။ |
| **မလေးရှား** | လက်မှတ်ရေးထိုးပြီး (၂၇ ရက် မေလ ၂၀၂၂ ခုနှစ်) | သတင်းအချက်အလက် မထုတ်ပြန်ထား | သတင်းအချက်အလက် မထုတ်ပြန်ထား | |
| **လာအို** | လက်မှတ်ရေးထိုးပြီး (၂၈ ရက် ဇူလိုင်လ ၂၀၂၂ ခုနှစ်) | ○ | ထုတ်ပြန်ပြီး | လာအိုလူမှုဖူလုံရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် စေလွှတ်သည့်အေဂျင်စီများမှ တစ်ဆင့် အလုပ်သမားများကို လက်ခံရန် လိုအပ်ပါသည်။ |
| **ကာဂျစ္စတန်** | လက်မှတ်ရေးထိုးပြီး (၆ ရက် ဇူလိုင်လ ၂၀၂၃ ခုနှစ်) | ○ (ရွေးချယ်နိုင်) | ထုတ်ပြန်ပြီး | ပို့ဆောင်ရေးအေဂျင်စီအသုံးပြုမှုအား ရွေးချယ်နိုင်ပြီး ကာဂျစ္စတန်မှ သတ်မှတ်အတည်ပြုထားသော ပို့ဆောင်ရေးအေဂျင်စီကို မဖြစ်မနေအသုံးပြုရန်မလိုပါ။ |

| | | | | |
|---|---|---|---|---|
| **တာဂျစ်ကစ္စတန်** | လက်မှတ်ရေးထိုးပြီး (၈ ရက် ဩဂုတ်လ ၂၀၂၄ ခုနှစ်) | သတင်းအချက်အလက်မထုတ်ပြန်ထား | သတင်းအချက်အလက်မထုတ်ပြန်ထား | |

(သတိပြုရန်)　○ : ပို့ဆောင်ရေးအေဂျင်စီအား အသုံးပြုသည် (အချို့နိုင်ငံများတွင် ရွေးချယ်ခွင့်ရှိခြင်းလည်း ပါဝင်သည်)


- : ပို့ဆောင်ရေးအေဂျင်စီအား ထုတ်ပြန်ထားခြင်းမရှိ

*နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်မိတ်ဆက်ခြင်းတွင် အလုပ်အကိုင်လုံခြုံရေးဥပဒေကို လေးစားလိုက်နာရန် လိုအပ်သည်။

အရင်းအမြစ် - လူဝင်မှုကြီးကြပ်ရေးဌာန[2]

[2]လူဝင်မှုကြီးကြပ်ရေးဌာန "အထူးနည်းပညာကျွမ်းကျင် နှင့် ပတ်သက်သည့် နိုင်ငံအလိုက် သတင်းအချက်အလက်များ"
( https://www.moj.go.jp/isa/applications/ssw/nyuukokukanri06_00073.html )
နောက်ဆုံးဝင်ရောက်သည့်နေ့ -၂၄ ရက် အောက်တိုဘာလ ၂၀၂၄ ခုနှစ်

## 2.2 အထူးနည်းပညာကျွမ်းကျင်စနစ်၊ နည်းပညာအလုပ်သင်စနစ်ဖြင့် ပို့ဆောင်ရန်အဆင့်များအား နှိုင်းယှဉ်ချက်




■BMTC အဆောက်အဦ စီမံခန့်ခွဲမှု လေ့ကျင့်ရေး စင်တာမှ ပံ့ပိုးထားသော ASCF နိုင်ငံခြားသားလက်ခံမှုဝန်ဆောင်မှု

အထူးနည်းပညာကျွမ်းကျင် နိုင်ငံခြားသားလုပ်သားများကို လက်ခံရာတွင် အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၌ BMTC အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင်းရေးစင်တာသည် ASCF အဆောက်အဦသန့်ရှင်းရေး နိုင်ငံခြားလုပ်သား လက်ခံထောက်ပံ့ရေးစင်တာကို တည်ထောင်ပြီး ①သင့်တော်သောအလုပ်သမားများကို မိတ်ဆက်ပေးခြင်းနှင့် အလုပ်သမားကို အလုပ်ခန့်ထားပေးခြင်း၊ ②အလုပ်သင်သင်ကြားပြီး အလုပ်အရည်အသွေးမြင့်သူအဖြစ် ပညာပေးခြင်း၊ ③အလုပ်ခန့်ထားပြီးနောက် လက်ရှိအခြေအနေမှာ အလုပ်ဆက်လုပ်နိုင်စေရန် ပံ့ပိုးပေးနေပါသည်။ (အခြားစာရွက်)။ ထပ်မံ၍ အဆောက်အဦသန့်ရှင်းရေးနယ်ပယ်သာမက အဆောက်အဦ စီမံခန့်ခွဲမှုတွင် လုပ်ကိုင်နေသော နိုင်ငံခြားသားလူသားအရင်းအမြစ်များအပါအဝင် အဆောက်အဦ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း၏ ကဏ္ဍပေါင်းစုံအတွက် အလုပ်ခန့်အပ်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာစနစ်ကို ပံ့ပိုးသွားပါမည်။

1. ထူးခြားချက်

(1) အခကြေးငွေရယူသည့် အလုပ်အကိုင်မိတ်ဆက်သည့်လုပ်ငန်းနှင့် မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးမှုလုပ်ငန်းအတွက် လိုင်စင်ရရှိထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

(2) အဆောက်အဦသန့်ရှင်းရေးအတွက် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး နှစ် ၅၀ အတွေ့အကြုံရှိသော အဖွဲ့အစည်း ဖြစ်ပါသည်။

(3)အဆောက်အဦ စီမံခန့်ခွဲရေးတွင် နိုင်ငံတစ်ဝှမ်း၌ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး လက်တွေ့ရလဒ်များကို ပိုင်ဆိုင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

2. ပံ့ပိုးနေသည့် ဝန်ဆောင်မှုများ

(1)နိုင်ငံခြားသားလုပ်သားအရင်းအမြစ် မိတ်ဆက်ခြင်း၊ ညှိနှိုင်းမှုစသည့် အလုပ်အကိုင်မိတ်ဆက်ခြင်း ဝန်ဆောင်မှု

(2)နိုင်ငံခြားသားလုပ်သား၏ စွမ်းဆောင်ရည်တိုးတက်ရန်၊ ပြုစုပျိုးထောင်ခြင်း၊ စာမေးပွဲပြင်ဆင်ခြင်းစသည့် ပညာရေးဝန်ဆောင်မှုများ

* BMTC နိုင်ငံခြားသားလုပ်သားအမြစ် ပြုစုပျိုးထောင်ခြင်း စံချိန်စံနှုန်းများ

①အဆောက်အဦ သန့်ရှင်းရေးနှင့် အဆောက်အဦ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်သည့် လက်တွေ့လေ့ကျင့်ရေး၊ ပညာရပ်သင်တန်း

②ပညာရေးဆိုင်ရာ ပံ့ပိုးမှုကိရိယာများ (Sokunoပုံစံ ကြွက်သားလေ့ကျင့်ရေး၊ SOKOKARA၊ စကားပြောစွမ်းရည် စသည်)

(3)နိုင်ငံခြားသားလုပ်သား (အထူးနည်းပညာကျွမ်းကျင်သူ) ၏ မှတ်ပုံတင်ခြင်းကူညီပံ့ပိုးမှု ဝန်ဆောင်ရေး

ကြိုတင်ပြီး လက်စွဲစာအုပ်၊ ပုံမှန်အင်တာဗျူးများ၊ စကားပြန်

(4) နိုင်ငံခြားသားလုပ်သားများ လက်ခံရေး ကူညီမှုတိုးတက်ရေး ဝန်ဆောင်မှု

①ပူးပေါင်းဖွံ့ဖြိုးတိုးတက်ရေးကိရိယာများ((Glocal၊ SmartTraining၊ BillBuddy)

②မိတ်ဖက်ဆိုင်ရာ ပံ့ပိုးကူညီမှုအရာများ((CQI၊ Oyraaa၊ Leopalace21၊ နိုင်ငံခြားသားနေထိုင်မှု ပံ့ပိုးကူညီမှု စသည်)

③စကားပြန် ဝန်ဆောင်မှု

3. သက်ဆိုင်သူအတွက် သီခြားဝန်ဆောင်မှု

| | |
|---|---|
| 1) လက်ခံသည့်ကုမ္ပဏီများ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |

| | |
|---|---|
| 2) နိုင်ငံခြားသားလူစွမ်းအားအရင်းအမြစ် | ပညာရေး၊ မှတ်ပုံတင်ခြင်းကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |
| 3) မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး အေဂျင်စီ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |
| 4) ကြီးကြပ်ရေးအဖွဲ့ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်စေသည့် ဝန်ဆောင်မှု |
| 5) ပို့ဆောင်ရေးအေဂျင်စီ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေးဝန်ဆောင်မှု |

4. ဆက်သွယ်မေးမြန်းရန်

< BMTC : အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင့်ရေးစင်တာ >

〒116-0013 တိုကျိုမြို့ အရာကာခူရပ်ကွက်၊ နီရှိနိပိုရိ၊ ၅-၁၂-၅၊

အဆောက်အဦးပြုပြင်ထိန်းသိမ်းရေးခန်းမ ၅ ထပ်

TEL: 03-3805-7575 https://bmtc.or.jp/

< ASCF : နိုင်ငံခြားသားလုပ်သားလက်ခံထောက်ပံ့ရေးစင်တာ >

အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင့်ရေးစင်တာအတွင်း

ဖုန်း - 03-6806-8685 FAX:03-3805-7578




# 3 အဆောက်အဦသန့်ရှင်းရေးနယ်ပယ်မှ

# အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁

## အဆောက်အဦသန့်ရှင်းရေးအလုပ်နှင့်ပတ်သက်၍

ဈေးပင်းမောလ်၊ ဆေးရုံ၊ ဟိုတယ်စသည့် အမျိုးမျိုးသောနေရာများကို သန့်ရှင်းရပါမည်။

ဟိုတယ်




ရုံး



မောလ်



ဆေးရုံ



ဥပမာအနေဖြင့် ကြမ်း သုတ်သည့် သန့်ရှင်းရေးနှင့် လှည်းကျင်းသန့်ရှင်းခြင်း၊
ပြတင်းပေါက်သုတ်ခြင်း၊ အိမ်သာနှင့် လက်ဆေးစင်များအား သန့်ရှင်းခြင်း စသည့်တို့ ရှိပါသည်။





# 4 နည်းပညာအလုပ်သင်၊ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ဖြင့် ပို့ဆောင်ချိန်ထောက်ပံ့မှု

ဂျပန်ဘက်မှ စာရွက်စာတမ်းစသည်တို့သည် နည်းပညာကျွမ်းကျင်အလုပ်သင်တွင် ကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ပေးသည်မှာ ပုံမှန်ဖြစ်သည်(*)[3]။ တစ်ဖက်တွင် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ဖြစ်ပါက ဂျပန်ဘက်မှ လုပ်ထုံးလုပ်နည်းများသည် အထူးနည်းပညာကျွမ်းကျင်လုပ်သားအေဂျင်စီမှ ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် အထူးနည်းပညာကျွမ်းကျင်လုပ်သားအေဂျင်စီမှ လူမှုကူညီရေးကိုရယူထားသော“စာရင်းသွင်းမှု ထောက်ပံ့ရေးအေဂျင်စီ” မှ ထောက်ပံ့မှုပေးမည်။

**(ကိုးကား)ကြီးကြပ်ရေးအဖွဲ့အစည်း၊စာရင်းသွင်းထောက်ပံ့ရေးအေဂျင်စီ၏**

| | အလုပ်ခန့်ချိန် | နိုင်ငံသို့ မဝင်ရောက်မီ | | နိုင်ငံသို့ ဝင်ရောက်ပြီးနောက် | |
| --- | --- | --- | --- | --- | --- |
| ကြီးကြပ်ရေး အဖွဲ့အစည်း | | | နိုင်ငံသို့မဝင်ရောက်မီ ပြင်ဆင်မှု၊ ထောက်ပံ့ရေး | နိုင်ငံသို့ ဝင်ရောက်ပြီးနောက် ပြင်ဆင်မှု၊ ထောက်ပံ့ရေး | နည်းပညာအလုပ်သင် ကြီးကြပ်မှု (အတည်ပြုခြင်းစံနှုန်း ၂ - စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ဆိုင်သော အကြောင်းအရာများမှ မှ ကောက်နုတ်ချက်) |
| | လုပ်သားမိတ်ဆက်ခြင်းနှင့် အလုပ်ခေါ်မှု အင်တာဗျူး ※ပို့ဆောင်ရေး အေဂျင်စီနှင့် ဆက်သွယ်ရေး | လုပ်သားမိတ်ဆက်ခြင်းနှင့် အလုပ်ခေါ်မှု အင်တာဗျူး ※ပို့ဆောင်ရေး အေဂျင်စီနှင့် ဆက်သွယ်ရေး | ・နေထိုင်ခွင့်၊ ဗီဇာသက်တမ်းတိုး လျှောက်ခြင်း<br>・ဂျပန်ခရီးသွားထောက်ပံ့မှု<br>・နိုင်ငံမဝင်ခင် လေ့ကျင့်ရေး | ・နေ့စဉ်ဘဝ အထောက်အပံ့<br>・ဂျပန်ဘာသာစကားသင်ယူမှု အထောက်အပံ့<br>・ဘာသာပြန်၊ စကားပြန်စေလွှတ်ခြင်း | ・သင်တန်းပေးသူများ၏ ပုံမှန်စစ်ဆေးမှုများ (အနည်းဆုံး ၃ လ ၁ကြိမ်နှင့်အထက်)<br>・လည်ပတ်လမ်းညွှန်မှု (အနည်းဆုံး ၁ လလျှင် ၁ကြိမ်နှင့်အထက်)<br>・နည်းပညာအလုပ်သင် အစီအစဉ်ဖန်တီးရေး လမ်းညွှန်မှု<br>・နိုင်ငံအပြန်ခရီးစရိတ် တာဝန်ယူခြင်း<br>・သီးခြားလုပ်ငန်းအမျိုးအစား၊ အလုပ်နှင့်ပတ်သက်သည့်အရာ |

| | | | မဖြစ်မနေ ပံ့ပိုးပေးမှုများ | | | | | | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| | | | ဂျပန်နိုင်ငံသို့မဝင်ရောက်မီ ပဏာမလမ်းညွှန် | အကြိုအပို့ | နေထိုင်ရာနေရာ လုံခြုံစေခြင်း | နေထိုင်မှုလမ်းညွှန်ချက်ကိုအကောင်အထည်ဖော်ခြင်း | ဂျပန်စာလေ့လာရန် အခွင့်အလမ်းများ ပေးအပ်ခြင်း | ဆွေးနွေးတိုင်ပင်ခြင်း၊ တိုင်ကြားချက် | ဂျပန်လူမျိုးများနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း | အလုပ်ပြောင်းခြင်း အထောက်အအ | အင်တာဗျူး ကျင်းပခြင်း |
| မှတ်ပုံတင် ကူညီပံ့ပိုးရေး အေဂျင်စီ | လုပ်သားမိတ်ဆက်ခြင်းနှင့် အလုပ်ခေါ်မှု အင်တာဗျူး | အလုပ်ခန့် စာချုပ်ချုပ်ဆိုခြင်း | ・လုပ်ငန်းခွင်အခြေအနေများနှင့် ကျွမ်းကျင်မှုအဆင့်များကို ရှင်းလင်းချက်<br>・ပြည်ဝင်ခြင်း လုပ်ထုံးလုပ်နည်း<br>・အာမခံငွေ ကောက်ခံခြင်းနှင့် ဒဏ်ကြေးစသည်တို့ကို သတ်မှတ်သည့် စာချုပ်များ ရှိ၊ မရှိ စစ်ဆေးခြင်း | ・နိုင်ငံသို့ဝင်ရောက်ချိန် အကြိုအပို့<br>・နိုင်ငံမှထွက်ခွာချိန် အကြိုအပို့ | ငှားရမ်းခြင်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခြင်း | ・ငွေရေးကြေးရေးအဖွဲ့အစည်း အသုံးပြုနည်း<br>・ကျန်းမာရေးအဖွဲ့အစည်း အသုံးပြုနည်း<br>・သွားလာရေးလမ်းကြောင်းစသည် | ・အလုပ်အကိုင် နယ်ပယ်ရှိ ဂျပန်ဘာသာ ပညာရေး အေဂျင်စီများထံ ဝင်ခွင့် အချက်အလက်များ ပံ့ပိုးပေးခြင်<br>・အွန်လိုင်းဂျပန်ဘာသာစကားသင်တန်းများ စသည်တို့အတွက် အချက်အလက်များ ပံ့ပိုးပေးခြင်<br>・သီးခြားကျွမ်းကျင်မှုအဖွဲ့အစည်းများ စသည်တို့ကို ဂျပန်ဘာသာစကားသင်တန်းပို့ချသူများနှင့် စာချုပ်ချုပ်ဆိုခြင်း | နေ့စဉ်လူမှုဘဝနှင့်ပတ်သက်သော စုံစမ်းမေးမြန်းမှုများနှင့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းခြင် | ဒေသန္တရအစိုးရများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ စသည်တို့ဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူများနှင့် အပြန်အလှန် အကျိုးပြုနိုင်သော အခွင့်အလမ်းများဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင် | ・အောက်ပါ လက်ခံရေးနှင့်ပတ်သက်သည့် သတင်းအချက်များ ရယူခြင်း<br>・အလုပ်အကိုင်တည်ငြိမ်ရေးအေဂျင်စီ၊ အလုပ်အကိုင်မိတ်ဆက်ရေး လုပ်ငန်းစသည်တို့ကို မိတ်ဆက်ခြင်း<br>・ထောက်ခံစာရေးခြင်း<br>・အလုပ်အကိုင်ရရှိနိုင်သောနေရာများကို မိတ်ဆက်ခြင်း | အလုပ်ရှင်များနှင့် ပုံမှန် (အနည်းဆုံး သုံးလလျှင် တစ်ကြိမ်နှင့်အထက်) အင်တာဗျူးများအတွက် ပံ့ပိုးမှု (ငါးဖမ်းလုပ်ငန်းသည် ခြွင်းချက်ဖြစ်သည်) |

[3]အဖွဲ့အစည်းကြီးကြပ်ရေးပုံစံဖြင့် နည်းပညာအလုပ်သင်များကို ပို့ဆောင်သည့်အခါ

**(ကိုးကား)စာရင်းသွင်းမှုထောက်ပံ့ရေးအေဂျင်စီမဖြစ်မနေထောက်ပံ့မှု**

**အသေးစိတ်အကြောင်းအရာ**

| | မဖြစ်မနေ ပံ့ပိုးပေးသည့်အချက်များ | အသေးစိတ်အကြောင်းအရာ |
|---|---|---|
| 1 | ဂျပန်နိုင်ငံသို့မဝင်ရောက်မီ ပဏာမလမ်းညွှန် | • အလုပ်သဘောတူစာချုပ်ကို ချုပ်ပြီးနောက်၊ လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ရှားမှုအသေးစိတ်များ၊ ပြည်ဝင်ခြင်း လုပ်ထုံးလုပ်နည်းများ၊ အာမခံငွေ ကောက်ခံခြင်း ရှိ/မရှိ စသည်ဖြင့် မျက်နှာချင်းဆိုင်တွေ့ဆုံပွဲများ၊ ဗီဒီယိုခေါ်ဆိုမှုများ၊ စသည်တို့ဖြင့်ရှင်းပြပါမည်။ |
| 2 | ပြည်ဝင်ချိန် အကြိုအပို့ | • ရောက်လာချိန်တွင် လေဆိပ်မှ ရုံးသို့မဟုတ်နေထိုင်မည့်နေရာသို့ ပို့ဆောင်ပေးခြင်း<br>•ပြန်ချိန်တွင်လည်း လေဆိပ်သို့အတူတကွ လိုက်ပါပို့ဆောင်ခြင်း |
| 3 | နေစရာရှာဖွေခြင်း၊ စာချုပ်ချုပ်ဆိုမှုပံ့ပိုးခြင်း | • ပူးတွဲအာမခံသူအဖြစ်ရှိခြင်း<br>• ကုမ္ပဏီအိမ်ရာများ ထောက်ပံ့ပေးခြင်း စသည်တို့<br>• ဘဏ်အကောင့်ဖွင့်ခြင်း ၊ မိုဘိုင်းလ်ဖုန်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာစာချုပ်များ စသည့်တို့အတွက် လမ်းညွှန်ချက် ၊လုပ်ထုံးလုပ်နည်းတစ်ခုစီအတွက် အကူအညီပေးခြင်း |
| 4 | နေထိုင်စဉ် လမ်းညွှန်ချက် | • ဂျပန်စည်းမျဉ်းများနှင့် အမူအကျင့်များ၊ အများသူငှာ အဖွဲ့အစည်းများကို အသုံးပြုနည်း၊ ဆက်သွယ်ရန်အချက်အလက်များ၊ နှင့် သဘာဝဘေးအန္တရာယ်များကို မည်သို့ကိုင်တွယ်ဖြေရှင်းပုံစသည်တို့ကို ရှင်းလင်းချက် |
| 5 | အများပြည်သူဆိုင်ရာ စာရွက်စာတမ်းလုပ်ဆောင်မှု | • လိုအပ်ပါက နေထိုင်မှု၊ လူမှုဖူလုံရေး၊ အခွန်စသည်ဖြင့် လိုက်ပါဆောင်ရွက်ပြီး |

| | | |
|---|---|---|
| | | စာရွက်စာတမ်းပြင်ဆင်မှုတွင် ကူညီဆောင်ရွက်ပေးခြင်း |
| 6 | ဂျပန်စာလေ့လာရန် အခွင့်အလမ်းများ ပေးအပ်ခြင်း | ・ဂျပန်ဘာသာစကားသင်တန်းများအတွက် စာရင်းသွင်းလမ်းညွှန်မှု၊ ဂျပန်စာသင်ကြားရေးပစ္စည်းများဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးခြင်းစသည် |
| 7 | ဆွေးနွေးခြင်း၊ တိုင်ကြားမှုများကို ဆောင်ရွက်ပေးခြင်း | ・အလုပ်ခွင်နှင့်နေ့စဉ်လူနေမှုဘဝအကြောင်း တိုင်ပင်ဆွေးနွေးမှုများနှင့် တိုင်ကြားမှုများနှင့်ပတ်သက်၍ နိုင်ငံခြားသားများ အပြည့်အဝနားလည်နိုင်သော ဘာသာစကားဖြင့် တုံ့ပြန်ပြီး လိုအပ်သောအကြံဉာဏ်များနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခြင်းစသည် |
| 8 | ဂျပန်လူမျိုးများနှင့် ယှဉ်ကျေးမှုဖလှယ်ခြင်း | ・ရပ်ကွက်အတွင်းရှိ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများနှင့် အပြန်အလှန် အကျိုးပြုရန် အခြားနေရာများ၊ ဒေသဆိုင်ရာ ပွဲတော်များကဲ့သို့သော ပွဲလမ်းသဘင်များ၊ ပူးပေါင်းပါဝင်မှုဆိုင်ရာများတွင် ပံ့ပိုးကူညီခြင်း |
| 9 | အလုပ်ပြောင်းခြင်း ပံ့ပိုးကူညီခြင်း(ဝန်ထမ်း လျှော့ချမှုကိစ္စ၊ စသည်)၊ | ・လက်ခံသည့်ဘက်မှ အခြေအနေများကြောင့် အလုပ်ရပ်စဲသည့်အခါတွင် အလုပ်နေရာအသစ်ရှာဖွေခြင်း၊ ထောက်ခံစာများပြင်ဆင်ခြင်း၊ အလုပ်ရှာဖွေခြင်းအတွက် အခကြေးငွေရအလုပ်ပိတ်ရက်များကိုထုတ်ပေးခြင်းနှင့် လိုအပ်သော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခြင်း |
| 10 | ပုံမှန်တွေ့ဆုံမေးမြန်းမှုများနှင့် အစိုးရအဖွဲ့အစည်း ထံသို့ အစီရင်ခံခြင်း | ・ထောက်ပံ့ရေးတာဝန်ခံ စသည်တို့သည် နိုင်ငံခြားသားများနှင့် ၎င်းတို့၏ အထက်အရာရှိများနှင့် ပုံမှန် (အနည်းဆုံး |

| | | |
|---|---|---|
| | | သုံးလလျှင် တစ်ကြိမ်) တွေ့ဆုံပြီး အလုပ်သမား စံချိန်စံညွှန်းများ အက်ဥပဒေအား ချိုးဖောက်မှုများရှိပါကို အစီရင်ခံမည်ဖြစ်သည်။ |

အရင်းအမြစ် - လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ “ပံ့ပိုးမှုအစီအစဉ် ② “[4]

[4]လူဝင်မှုကြီးကြပ်ရေးဌာန”နိုင်ငံခြားသားလုပ်သားနှင့် လက်ခံခြင်းနှင့် အတူတကွနေထိုင်နိုင်သော လူမှုအသိုင်းအဝိုင်းတည်ဆောက်ရေးအတွက် လုပ်ဆောင်မှု” (စာမျက်နှာ ၁၂) ( https://www.moj.go.jp/isa/content/001335263.pdf ) နောက်ဆုံးဝင်ရောက်သည့်နေ့ -၂၄ ရက် အောက်တိုဘာလ ၂၀၂၄ ခုနှစ်

# 5 နိဂုံးချုပ်

ဂျပန်၏ "အဆောက်အဦသန့်ရှင်းရေးလုပ်ငန်း" သည် အဆောက်အဦးအတွင်း ပတ်ဝန်းကျင်ကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်စွာ ထားရှိနိုင်ရန်၊ လူတို့၏နေထိုင်မှုကို ကျန်းမာရေးရှုထောင့်မှ ထောက်ပံ့ပေးနေသော အလုပ်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပြီး ဧည့်သည့်များကို ကြိုဆိုသည့် "ဧည့်ဝတ်ပြုမှု" သည် ယခုအထိ ကမ္ဘာတွင် ဂုဏ်ယူရသည့် ဂျပန်၏ယဉ်ကျေးမှု ဖြစ်ပါသည်။

နိုင်ငံခြားသားလုပ်သားများသည် အထူးနည်းပညာကျွမ်းကျင်နံပါတ်၁ စနစ်ကိုအသုံးပြု၍ ဤစီးပွားရေးအသစ်ဖြစ်သည့် အဆောက်အဦသန့်ရှင်းရေးနည်းပညာကို ရယူခြင်းဖြင့် စီးပွားရေးဆိုင်ရာဗဟုသုတများကို လေ့လာပြီး "ဂျပန်နိုင်ငံတွင်သင်၏ အသက်မွေးဝမ်းကြောင်းကိုတိုး တက်စေရန်ရည်မှန်းခြင်း"" ဇာတိနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်စီးပွားရေးလုပ်ခြင်း" အစရှိသည်များကို လုပ်ကိုင်နိုင်ပါသည်။

ဤအဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ အလုပ်နှင့်ပတ်သက်ပြီး လေးနက်စွာ နားလည်နိုင်ပြီး နိုင်ငံခြားသားလုပ်သားများ စေလွှတ်ရာတွင် ဤလမ်းညွှန်စာအုပ်သည် အသုံးဝင်မည်ဆိုပါက ဝမ်းမြောက်မိမည်ဖြစ်သည်။